ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား
- ပြည်သူအားကိုးဆိုးရွဲ့ အဆိုးဖြင့်ဝါးများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင်ယုက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်ဝိရိပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင်ယုက်သောပြည်ပနိုင်ငံများအား ဘုံရန်သူအဖြစ် သတ်မှတ်ရေးနှင့်ကြ၊
- ပြည်သူ့ပြည်ပ အများသဘောများအား ဘုံရန်သူအဖြစ် သတ်မှတ်ရေးနှင့်ကြ၊

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး ရပ်တွဲအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်ရင်းလုံးညီညွတ်ရေး၊
- နိုင်ငံသားညီ ခွဲခြမ်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ခွဲခြမ်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒေသခံခွဲ ဖြိုကိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေး ဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တက်နုံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ရေးကွက်စီးပွားရေးစနစ် ဖြိုပြင်ဆွဲဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိဝင်ရောက်ရေး၊ စီးပွားရေးမှ ပြန်ကန်ချင်တဲ့ အရပ်ရပ်မှ ပြိုကိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စရိုက်ထွန်းကားရေး၊
- အမျိုးသားရေးသက်ဆိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလေ့ထာဝများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ပျိုးချစ်စိတ်ဓာတ်ရင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြွယ်ဝရေးနှင့် ပညာရည်မြင့်မားရေး၊

မာရာဒိုနာ၏ ထူးခြားသော လုပ်ရပ် ၁၀ ချက်

အာဂျင်တီးနားနည်းပြ မာရာဒိုနာဟာ ကမ္ဘာ့ဖလားမှာ ဗီဒီယာတွေရဲ့ အာရုံစိုက်ခြင်းခံရတဲ့ နည်းပြတစ်ယောက်ဖြစ်ပါတယ်။ ဒီလိုဗီဒီယာတွေရဲ့ ဂရုစိုက်ခြင်းခံရအောင်လည်း မာရာဒိုနာဟာ အမြဲတမ်းထူးထူးခြားခြားတွေ လုပ်ပြတတ်သလို နှတ်အားဖြင့်လည်း ပြောဆိုတတ်ပါတယ်။ ဒီကမ္ဘာ့ဖလားတစ်လျှောက် မာရာဒိုနာရဲ့ ထူးထူးခြားခြား လုပ်ရပ် ၁၀ ချက်ကို Goal.com က ဖော်ထုတ်ထားပါတယ်။

၁။ မာရာဒိုနာလောက် ဘယ်သူမှဖရီးကစ် မကန့်တတ်ဘူး။

အသက် ၄၉ နှစ်ရှိပြီဖြစ်တဲ့ မာရာဒိုနာဟာ ကစားသမားတွေ ပြဿနာဖြစ်ရတဲ့ ကမ္ဘာ့ဖလားမှာ အမြဲတမ်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဖရီးကစ်ကန်သွေးလုရှိပါတယ်။

၂။ ပီလီဟာ ပြတိုက်ကို ပြန်သွားသင့်နေပြီ။

ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကမ္ဘာ့ရန်ကုန်ဝိုင်ဖြစ်တဲ့ မာရာဒိုနာနဲ့ ပီလီတို့ကြား စကားရန်ပွဲဟာ တစ်ကြိမ်မပြန်လည်ဖြစ်ပေါ်ခဲ့ပါတယ်။ မာရာဒိုနာက ပီလီဟာ တောင်အာဖရိကကမ္ဘာ့ဖလားနဲ့ တောင်အာဖရိကအသင်းကို အားပေးခြင်းမရှိဘူးလို့ ဝေဖန်ခဲ့ပြီး ပီလီကလည်း မာရာဒိုနာဟာ ပိုက်ဆံလိုတာကြောင့် အယ်ဘီစီလက်ခံတီလို့ အသင်းငယ်ကို နည်းပြခဲ့ရတယ်လို့ ဝေဖန်ခဲ့ပါတယ်။ အဲဒီနောက် မာရာဒိုနာက ပီလီကို အတိတ်ကအကြောင်းတွေ ပြောလွန်းတဲ့အတွက် ပြတိုက်ထဲမှာပဲ ပြန်နေပါတော့လို့ ထိုးနှက်လိုက်ပါတယ်။

၃။ ပြန်မတွေ့ဆိုရင် သိပ်ကြိုက်တဲ့ မာရာဒိုနာ

တောင်ကိုရီးယားအသင်းကို ၄-၁ နဲ့ အနိုင်ရခဲ့ပြီးတဲ့နောက် မီဒီယာရင်းလင်းပွဲမှာ မာရာဒိုနာကို သတင်းထောက်တစ်ဦးက ဘာဖြစ်လို့ ကစားသမားတွေကို မွေ့ဖက်နမ်းရှိုက်မှတွေ့ ခဏခဏထလုပ်ရတာလည်း၊ မိန်းမတွေကို မကြိုက်တော့ဘူးလို့ ဖေးခဲ့ပါတယ်။ အဲဒီမှာ မာရာဒိုနာက "ကျွန်တော် မိန်းမတွေကို ပိုကြိုက်တာပေါ့ဗျာ။ အခုလက်ရှိမှာလည်း ဇာရိုနီကာဆိတ်တဲ့ ဧျွေရောင်ဆံပင်နဲ့ကောင်မလေးနဲ့ ချစ်ကျွမ်းဝင်နေပါတယ်။ သူကအသက် ၃၁ နှစ်ရှိနေပြီဗျ။ ကျွန်တော်ဟာ လိင်တူကို ကြိုက်သူမဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ကစားသမားတွေရဲ့ ကြိုးပမ်းမှုကို ကျွန်တော်အသိအမှတ်ပြုတာပါ" လို့ ပြန်ပြောခဲ့ပါတယ်။

၄။ အန္တိုးသမားတွေ တန်းစီ။

ပရီတိုရီယာမှာရှိတဲ့ လေ့ကျင့်ရေးကွင်းမှာ မာရာဒိုနာဟာ သူကစားသမားတွေကို နှစ်သင်းခွဲ ကန်နိုင်းရာမှာ ရုံးနိုင့်သူတွေကို တန်းစီခိုင်းခဲ့ပါတယ်။ ပြီးတော့ ရုံးနိုင့်သူတွေကို အနိုင်ရသူတွေက ဘောလုံးနဲ့ တည့်ကန်ရပါတယ်။ သူကိုယ်တိုင်လည်း ဝင်ကန်ခဲ့ပါသေးတယ်။

၅။ ပြင်သစ်တွေ ဘယ်လိုလဲဆိုတာ အားလုံးသိသားနဲ့။

အုပ်စုအဆင့်ပွဲဝင်ဝဲတွေမှာ မာရာဒိုနာက အင်ငြင်မှားဖွယ်ဖြစ်နေတဲ့ ဂျာဘရေဟီဘောလုံးကို ယူအီးအက်ဖ်အေဘုတ္တွင္ပ ပလာတီနီအနေနဲ့ စမ်းကန်ကြည့်မှုသင့်တယ်လို့ ဝေဖန်ခဲ့ပါတယ်။ "*ပလာတီနီနဲ့ ပတ်သက်ပြီး ကျွန်တော် မတ္တံသြမိပါဘူး။ သူနဲ့ကျွန်တော်ဟာ ပေး ထူး ခေါ် ပြောအဆင့်လောက်ပဲ ရှိပါတယ်။ ပြင်သစ်တွေ ဘယ်ပုံစိတ်ဓာတ်ရှိသလဲဆိုတာ ကျွန်တော်တို့ အားလုံးသိပါတယ်။ ပလာတီနီဟာလည်း ပြင်သစ်တစ်ယောက်ဖြစ်တဲ့အတွက် ပြင်သစ်စိတ်ပဲ ရှိပါတယ်*" ဟု ဆိုခဲ့သည်။

၆။ ဗျူနိုအေးရိုမှာ ဝတ်လစ်စလစ် ပြေးပြဦးမယ်။

အာဂျင်တီးနားအသင်းသား ကမ္ဘာ့ဖလားမှာ ဗိုလ်ပွဲခဲ့မယ်ဆိုရင် ဗျူနိုအေးရိုစ်ပြိုမှာ ဝတ်လစ်စလစ်နဲ့ လျှောက်ပြေးပြဦးမယ်လို့ ပြောခဲ့ပါတယ်။ "*ကျွန်တော်တို့အသင်း ကမ္ဘာ့ဖလားဗိုလ်ပွဲစမယ်ဆိုရင် ဗျူနိုအေးရိုစ်ပြိုလယ်ခေါင်မှာ ကျွန်တော် ဝတ်လစ်လစ်နဲ့ ပြေးပြမှာပဲ*" လို့ မာရာဒိုနာက ပြောခဲ့ပါတယ်။

၇။ ကစားသမားတွေကို လိင်ဆက်ဆံမှုပြုလုပ်ဖို့ တိုက်တွန်းတဲ့ မာရာဒိုနာ

မာရာဒိုနာဟာ ကျောင်းသားတွေကို စာသင်ခန်းထဲမှာ မုန့်စားဖို့၊ စာသင်နေတုန်း ဖုန်းပြောဖို့ တိုက်တွန်းတဲ့ အထက်တန်းကျောင်းဆရာတစ်ယောက်နဲ့ တူနေပါတယ်။ မာရာဒိုနာက သူ့ရဲ့ကစားသမားတွေကို ကမ္ဘာ့ဖလားပြိုင်ပွဲအတောအတွင်း ချစ်သူနဲ့ကွေ့နဲ့ အတူနေခွင့်ပြုထားပါတယ်။ အိပ်မက်ထဲမှာ မာရာဒိုနာဟာ ကမ္ဘာ့ဖလားကိုင်မြောက်ခွင့် ရခဲ့ပါတယ်ဗျ။ သူ့အိပ်မက်ထဲက အာဂျင်တီးနားအသင်းမှာ ဂါစီပါဝင်တယ်လို့ မာရာဒိုနာက ဆိုတယ်။ ကျန်တဲ့ကစား သမားတွေကိုတော့ သူမမှတ်မိပါဘူးလို့ ပြောခဲ့ပါတယ်။

၈။ အင်္ဂလန်ကို ဘယ်လိုလဲဆိုတာ အားလုံးသိသားနဲ့။

၁၉၈၆ ကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်ကို ၂-၁ နဲ့ အနိုင်ရခဲ့ပြီး ဗျူနိုအေးရိုစ်ပြိုမှာ ဝတ်လစ်စလစ်နဲ့ ပြေးခဲ့ပါတယ်။ ဒီပွဲမှာ မာရာဒိုနာဟာ ဘောလုံးကို ခေါင်းနဲ့ ဂိုးသွင်းခဲ့ပြီး ဒုတိယဂိုးကိုလည်း ကိုယ်ရည်ကိုယ်ရာ ကစားပြီး သွင်းခဲ့ပါတယ်။ ဒီပွဲမှာ မာရာဒိုနာဟာ ဘောလုံးကို ခြေထောက်ကို ၆ ကြိမ်ပဲ ထိခဲ့ပါတယ်။ ဒီပွဲကို ကမ္ဘာ့ဖလားပွဲတွေမှာ အကောင်းဆုံးပွဲအဖြစ် ရွေးချယ်ခဲ့ကြပါတယ်။ ဒီပွဲကို ဘီဘီစီက ရေဒီယိုမှာ တိုက်ရိုက်ထုတ်လွှင့်ခဲ့ပြီး ဂျွန်ဘာနာ့ဒ်ကတော့ "*ဘုရားသခင်ရဲ့ လက်ကို ဘောလုံးက ပြတ်သွားတာ မြင်ခဲ့ရသလိုပဲ*" လို့ ပြောခဲ့ပါတယ်။

၉။ ဘုရားသခင်ရဲ့ လက်ကို ဘောလုံးက ပြတ်သွားတာ မြင်ခဲ့ရသလိုပဲ

ဒီပွဲမှာ မာရာဒိုနာက ဘောလုံးကို ခေါင်းနဲ့ ဂိုးသွင်းခဲ့ပြီး ဒုတိယဂိုးကိုလည်း ကိုယ်ရည်ကိုယ်ရာ ကစားပြီး သွင်းခဲ့ပါတယ်။ ပြီးတော့ ရုံးနိုင့်သူတွေကို အနိုင်ရသူတွေက ဘောလုံးနဲ့ တည့်ကန်ရပါတယ်။ သူကိုယ်တိုင်လည်း ဝင်ကန်ခဲ့ပါသေးတယ်။

၉။ အန္တိုးသမားတွေ တန်းစီ။

ပရီတိုရီယာမှာရှိတဲ့ လေ့ကျင့်ရေးကွင်းမှာ မာရာဒိုနာဟာ သူကစားသမားတွေကို နှစ်သင်းခွဲ ကန်နိုင်းရာမှာ ရုံးနိုင့်သူတွေကို တန်းစီခိုင်းခဲ့ပါတယ်။ ပြီးတော့ ရုံးနိုင့်သူတွေကို အနိုင်ရသူတွေက ဘောလုံးနဲ့ တည့်ကန်ရပါတယ်။ သူကိုယ်တိုင်လည်း ဝင်ကန်ခဲ့ပါသေးတယ်။

၁၀။ အိပ်မက်အရ လူရွေးချယ်မှုပြုလုပ်ဖို့ မာရာဒိုနာ

အင်တာအသင်းနဲ့အတူ ဒီရာသီမှာဖလား သုံးလုံးရခဲ့တဲ့ ဇနက်ဘီကို မာရာဒိုနာ မလွဲချယ်ခဲ့ပါဘူး။ သူ့အစား ဘောလုံးလောကက အနှားယူပြီး ဒီကမ္ဘာ့ဖလားမှ ပြန်ကန်ချင်တဲ့ အေစီယယ်ဂါဇီကို ပြန်လည်ရွေးချယ်ခဲ့ပါတယ်။ အဲဒီလိုရွေးချယ်မှုဟာ သူ့ရဲ့အိပ်မက်အရလို့ သိရပါတယ်။ အိပ်မက်ထဲမှာ မာရာဒိုနာဟာ ကမ္ဘာ့ဖလားကိုင်မြောက်ခွင့် ရခဲ့ပါတယ်ဗျ။ သူ့အိပ်မက်ထဲက အာဂျင်တီးနားအသင်းမှာ ဂါစီပါဝင်တယ်လို့ မာရာဒိုနာက ဆိုတယ်။ ကျန်တဲ့ကစားသမားတွေကိုတော့ သူမမှတ်မိပါဘူးလို့ ပြောခဲ့ပါတယ်။

ဘရာဇီးအသင်း ပြိုင်ပွဲက ထွက်ခွာသွားပြီလို့ ဘရာဇီးသတင်းစာတစ်စောင် မှားယွင်းဖော်ပြ

ဘရာဇီးအသင်းပြိုင်ပွဲမှ ထွက်ခွာသွားပြီလို့ ဘရာဇီးအားကစားသတင်းစာတစ်စောင် ဖြစ်တဲ့ Folha de São Paulo က မှားယွင်းဖော်ပြလိုက်တဲ့အတွက် စာဖတ်ပရိသတ်တွေ အံ့သြခဲ့ရတယ်လို့ သိရပါတယ်။ ဘရာဇီးဟာ ရုံးထွက်အဆင့်မှာ ခွိုလီကို ၃-၀နဲ့ အနိုင်ရခဲ့ပြီး ကွာတာဖိုင်နယ်မှာ ဟော်လန်အသင်းနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ "ဘရာဇီး အသင်းကမ္ဘာ့ဖလားက ထွက်ခဲ့ရပေမယ့် ကျွန်တော်တို့ နှလုံးသားထဲတွင် ရိုနေဆဲဖြစ်" "ကျေးဇူး ဘရာဇီး" ၂၀၁၄ မှာ ပြန်တွေ့ကြပါစို့" လို့ အဆိုပါသတင်းစာက မှားယွင်း ဖော်ပြခဲ့ပါတယ်။ အဆိုပါသတင်းကိုဖော်ပြခဲ့ပြီး နောက်တစ်နေ့မှာ ပရိသတ်တွေကို မှားယွင်း ဖော်ပြမိခဲ့တဲ့အတွက် တောင်းပန်စာ ပြန်လည်ဖော်ပြခဲ့ပါတယ်။ အဲဒီသတင်းဟာ ဘရာဇီး အသင်း ပြိုင်ပွဲကထွက်ရရင် အဆင်သင့်အသုံးပြုနိုင်ဖို့ ကြိုတင်ရေးသားထားတဲ့ သတင်းဖြစ်တယ်လို့ သိရပါတယ်။

ဂါနာအသင်းအား နေအိမ်သို့ သမ္မတကြီး မင်ဒဲလား ဖိတ်ခေါ်ဂုဏ်ပြု

တောင်အာဖရိကသမ္မတဟောင်း ဦးဘေးလ်ဂရန်မဲယမ်ဆာရှင် နယ်လ်ဆင်မင်ဒဲလားမှာ ကိတ်တောင်ပြိုရှိ ၎င်းဆီလေးအိမ်သို့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ရောက် ဂါနာအသင်းအား ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။ ဂါနာအသင်းမှာ ၂၀၁၀ ကမ္ဘာ့ဖလားတွင် ကွာတာဖိုင်နယ်သို့ တက်ရောက်နိုင်သော တစ်သင်းတည်းသော အသင်းအဖြစ် မှတ်တမ်းတင်ခဲ့ပြီးနောက် မင်ဒဲလား က ယင်းသို့ ဖိတ်ခေါ်ဧည့်ခံခြင်းလည်းဖြစ်သည်။ ဂါနာအားကစား ဝန်ကြီးအေကွာဆန်ဘခဲ့ဆုအောက သမ္မတဟောင်းမင်ဒဲလား၏ ဖိတ်ခေါ်မှုကို မိမိတို့လက်ခံရရှိခဲ့သည်မှာ မှန်ကန်ကြောင်း အတည်ပြုခဲ့သည်။ "*ကျွန်မတို့အနေနဲ့ ဒီလိုမျိုးသမ္မတကြီး မင်ဒဲလား၏ ဖိတ်ခေါ်မှုကို ခံခဲ့ရတာပဲ ယုံကြည်ရခက်ခဲလဲလဲ့ ဂုဏ်ယူစရာပဲ ဖြစ်တယ်*" ဟု ဂါနာအားကစား ဝန်ကြီးဆူအောက ဆိုသည်။ ကွာတာဖိုင်နယ် ရောက်ဂါနာအသင်းအား တောင်အာဖရိက သမ္မတဂျက်ကော့ဗ်ဇူးမားအပြင် တောင်အာ ဖရိကအလုပ်သမားအဖွဲ့ချုပ်ဥက္ကဋ္ဌတစ်ဦးတို့ ပါဝင်ရာစဉ်သူများကလည်း ဂါနာအသင်းအလံပေါင်တွင် လက်မှတ်ရေးထိုးကာ ဂုဏ်ပြုခဲ့ကြသည်။

ကွာတာဖိုင်နယ်ပွဲစဉ်များအား ဟောင်းဝပ်ဝက်ဘ် ကိုင်တွယ်ဖွယ်မရှိ

လက်ရှိကမ္ဘာ့ဖလားတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အင်္ဂလန်ခိုင်လူကြီး ဟောင်းဝပ်ဝက်ဘ်သည် လာမည့်ကွာတာဖိုင်နယ်ပွဲစဉ်များအား ကိုင်တွယ်ရဖွယ်မရှိကြောင်း သိရသည်။ ဟောင်းဝပ်ဝက်ဘ်သည် အုပ်ပွဲစဉ်များအား ကိုင်တွယ်ခဲ့သော ခိုင်လူကြီး ၁၉ ဦးအနက် တစ်ဦးဖြစ်သော်လည်း ကွာတာဖိုင်နယ်ပွဲစဉ်များအား ကိုင် တွယ်ရဖွယ်မရှိသကြောင်း သိရသည်။ သို့သော် ၎င်းအနေဖြင့် ဆီမီးဖိုင်နယ်၊ သို့မဟုတ် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတစ်ခုခုအား ကိုင်တွယ်ရဖွယ်ရှိနေကြောင်း သိရသည်။ ဟောင်းဝပ်ဝက်ဘ်၏ စည်းကြပ်ခိုင်မာ်းအဖြစ် တာဝန်ယူ ကိုင်တွယ်ခဲ့သော ဒါရိုက်တာ၊ ဖိုက်မှလာကင်းတို့မှာ ပွဲစဉ်သုံးပွဲအား ကိုင်တွယ်ခဲ့ကြသည်။ ၎င်းတို့သုံးဦးသည် စဝ်ဘန်နှင့် ဆွစ်တလန်ပွဲ၊ အီတလီနှင့် ဆလိုဗက်ကီးယားပွဲ၊ ဘရာဇီးနှင့် ခိုလိမ်ဘွဲ့တို့အား ကိုင်တွယ်ခဲ့ကြသည်။ ဟောင်းဝပ်ဝက်ဘ်သည် ကမ္ဘာ့ဖလားဖိုင်လ်လုပွဲအား ကိုင်တွယ်ခွင့် ရပါက ၁၉၇၄ ကမ္ဘာ့ဖလားတွင် ဂျာ်ဘေလာနောက်ပိုင်း ပထမဆုံးဖိုင်လ်လုပွဲအား ကိုင်တွယ်ခွင့်ရသည့် အင်္ဂလိပ် ခိုင်လူကြီး ဖြစ်လာမည်ဖြစ်သည်။ ဥရောပမှ ခိုင်လူကြီးတစ် ဦးဖြစ်သည့် ပေါ်တူဂီခိုင်လူကြီး ဘန်ကွာရန်ကာသည် ၃၅ဝွေး-ဂါနာပွဲစဉ်အား ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။ အာဂျင်တီးနား-ဂျာမနီပွဲဝင်ဂိုမှု ဥဇာဂက်ကစ္စတန် ခိုင်လူကြီး ရာရှင်အီယာမာတော့ဗ်က ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

♦ ♦ ♦

ပီလုံဟောလ်၏ ကွာတာဖိုင်နယ်အသင်းများ ဆီမီးတက်ရန် အလေးပေးမှု

ဟော်လန်	၁၃/၀
ဘရာဇီး	၄/၉
၃၅ဝွေး	၄/၉
ဂါနာ	၁၃/၀
အာဂျင်တီးနား	၄/၆
ဂျာမနီ	၁၁/၁၀
ပါရာဂွေး	၇/၂
စဝ်န်	၁/၆

Paddy Power ၏ ပိုလ်လုပွဲရောက်နှစ်သင်း အလေးပေးမှု

စဝ်န်-ဘရာဇီး	၃/၁
ဘရာဇီး-အာဂျင်တီးနား	၉/၂
စဝ်န်-ဟော်လန်	၁၃/၂
ဘရာဇီး-ဂျာမနီ	၁၅/၂
စဝ်န်-၃၅ဝွေး	၁၀/၁
အာဂျင်တီးနား-ဟော်လန်	၁၁/၁
ဂျာမနီ-ဟော်လန်	၁၄/၁
အာဂျင်တီးနား-၃၅ဝွေး	၁၁/၁

Paddy Power ၏ ပထမ၊ ဒုတိယ အလေးပေးမှု

(ပ)ဘရာဇီး-စဝ်န်(၃)	၆/၁
(ပ)စဝ်န်-ဘရာဇီး(၃)	၁၃/၂
(ပ)ဘရာဇီး-အာဂျင်တီးနား(၃)	၉/၁
(ပ)စဝ်န်-ဟော်လန်(၃)	၁၀/၁
(ပ)စဝ်န်-၃၅ဝွေး(၃)	၁၁/၁
(ပ)အာဂျင်တီးနား-ဘရာဇီး(၃)	၁၁/၁
(ပ)ဘရာဇီး-ဂျာမနီ(၃)	၁၁/၁
(ပ)ဟော်လန်-စဝ်န်(၃)	၁၄/၁
(ပ)ဂျာမနီ-ဘရာဇီး(၃)	၁၇/၁
(ပ)အာဂျင်တီးနား-ဟော်လန်(၃)	၁၇/၁
(ပ)အာဂျင်တီးနား-၃၅ဝွေး(၃)	၁၈/၁
(ပ)ဟော်လန်-အာဂျင်တီးနား(၃)	၂၀/၁
(ပ)ဂျာမနီ-ဟော်လန်(၃)	၂၂/၁
(ပ)စဝ်န်-ဂါနာ(၃)	၂၂/၁
(ပ)ဟော်လန်-ဂျာမနီ(၃)	၂၅/၁
(ပ)၃၅ဝွေး-စဝ်န်(၃)	၂၅/၁
(ပ)ဂျာမနီ-၃၅ဝွေး(၃)	၂၅/၁
(ပ)ဘရာဇီး-ပါရာဂွေး(၃)	၃၃/၁
(ပ)အာဂျင်တီးနား-ဂါနာ(၃)	၃၃/၁
(ပ)၃၅ဝွေး-အာဂျင်တီးနား(၃)	၃၅/၁
(ပ)၃၅ဝွေး-ဂျာမနီ(၃)	၄၄/၁
(ပ)ဂျာမနီ-ဂါနာ(၃)	၄၄/၁
(ပ)ဂါနာ-စဝ်န်(၃)	၆၀/၁
(ပ)ဟော်လန်-ပါရာဂွေး(၃)	၈၀/၁
(ပ)ဂါနာ-အာဂျင်တီးနား(၃)	၈၀/၁
(ပ)ဂါနာ-ဂျာမနီ(၃)	၁၀၀/၁
(ပ)ပါရာဂွေး-ဘရာဇီး(၃)	၁၂၅/၁
(ပ)ပါရာဂွေး-ဟော်လန်(၃)	၁၇၅/၁

ကွာတာဖိုင်နယ်ရောက် အသင်းများအပေါ် ပီလုံဟောလ်၏ ခန့်မှန်းမှုများ

	နိုင်	သရေ	နိုင်
၁။ ဟော်လန် Vs ဘရာဇီး	၁၆/၅	၁၁/၅	၁၉/၂၀
၂။ ၃၅ဝွေး Vs ဂါနာ	၂၁/၂၀	၂၁/၁၀	၃/၁
၃။ အာဂျင်တီးနား Vs ဂျာမနီ	၁၁/၈	၂/၁	၉/၄
၄။ ပါရာဂွေး Vs စဝ်န်	၈/၁	၃/၁	၄/၉

ရုံးထွက်ပွဲစဉ်များ၏ရလဒ်များ

၃၅ဝွေး	၂ - ၁	တောင်ကိုရီးယား
အလမ်ရိကန်	၁ - ၂	ဂါနာ
ဟော်လန်	၂ - ၁	ဆလိုဗက်ကီးယား
ဘရာဇီး	၃ - ၀	ချီလီ
အာဂျင်တီးနား	၃ - ၁	မက္ကဆီကို
ဂျာမနီ	၄ - ၁	အင်္ဂလန်
ပါရာဂွေး	၅ - ၃	ပေါ်တူဂီ (ပင်နယ်တီ)
စဝ်န်	၁ - ၀	ပေါ်တူဂီ

ဂိုးသွင်းမှု မှတ်တမ်း

- စုစုပေါင်းသွင်းဂိုး - ၁၂၃ ဂိုး (၁၆ သင်းရုံးထွက်ပွဲစဉ်များအပြီး)
- ပွဲမီးမျှသွင်းဂိုး - ၂.၂၃ ဂိုး
- ဟက်ထရစ်ရသည့်အရေအတွက် - ၁ (ဟီဂုအင်/အာဂျင်တီးနား)
- ပင်နယ်တီရသည့်အရေအတွက် - ၁၂ ကြိမ်
- ပင်နယ်တီမှရသည့်ဂိုးအရေအတွက် - ၉ ဂိုး
- ဂိုးသွင်းအများဆုံးသူများ - ၄ ဂိုး/ ဟီဂုအင် (အာဂျင်တီးနား)၊ ဗစ်တက်(ဆလိုဗက်ကီးယား)၊ ဒေးဗစ်လာ(စဝ်န်)
- ဂိုးအများဆုံးသွင်းသည့်အသင်း - ၁၀ ဂိုး/ အာဂျင်တီးနား
- ဂိုးအများဆုံးပေးရသည့်အသင်း - ၁၂ ဂိုး/ မြောက်ကိုရီးယား
- တစ်ပွဲအတွင်း ဂိုးအများဆုံးသွင်းသည့်ပွဲ - ၇ ဂိုး/ ပေါ်တူဂီ-မြောက်ကိုရီးယား
- သုံးပွဲဆက် ပေးရိပဲ့အသင်းများ - ၃ ပွဲ/ ပါရာဂွေး ပေါ်တူဂီ၊ ၃၅ဝွေး

စည်းကမ်းပိုင်းဆိုင်ရာ မှတ်တမ်း

- အဝါကတ်အရေအတွက် - ၂၁၈ ကတ် (၁၆ သင်းရုံးထွက်ပွဲစဉ်များအပြီး)
- တစ်ပွဲလျှင် ပျမ်းမျှအဝါကတ် - ၃.၀၉ ကတ်
- အနီကတ်စုစုပေါင်း - ၁၄ ကတ်
- တစ်ပွဲလျှင် ပျမ်းမျှအနီကတ် - ၀.၂၅ ကတ်
- ပထမဆုံးအဝါကတ် - ဂျူအာရက်ဗ် (မက္ကဆီကို) တောင်အာဖရိကနှင့်ပွဲတွင် ပြခံခြင်းခြစ်
- ပထမဆုံးအနီကတ် - လိုဒိုဗိုယ် (ဥရုဂွေး) ပြိုင်သစ်နှင့်ပွဲတွင် ပြခံခြင်းခြစ်
- အပြန်ဆုံးအဝါကတ် - ပွဲနိုနို ၁.၂၀ မိနစ်တွင် ချီလီမှ ဆွာရီ ဆွစ်တလန်နှင့်ပွဲတွင် ပြခံခြင်းခြစ်
- အဝါကတ်အများဆုံးပြခံရသည့်အသင်း - ၁၄ ကတ်၊ ချီလီ
- အနီကတ်အများဆုံးပြခံရသည့်အသင်း - ၂ ကတ်၊ ဩစတြေးလျ၊ အယ်ဂျီးရီးယား
- အဝါကတ်အနည်းဆုံးပြခံရသည့်အသင်း - ၁ ကတ်၊ စဝ်န်
- အဝါကတ်အနည်းဆုံးပြခံရသည့်ပွဲ - ၀ ကတ်၊ မြောက်ကိုရီးယားနှင့် ဘိုင်ဇင်ရိုက်စ်

ပီလုံဟောဒ်၏ ပိုလ်စွဲရန်အလေးပေးမှုများ

ဘရာဇီး	၅/၂
စဝ်န်	၁၁/၄
အာဂျင်တီးနား	၉/၂
ဂျာမနီ	၁၃/၂
ဟော်လန်	၇/၁
၃၅ဝွေး	၁၆/၁
ဂါနာ	၄၀/၁
ပါရာဂွေး	၅၀/၁

ကတ်အများဆုံးပြထားသော ခိုင်လူကြီးများ

	ပွဲ	အနီ	အဝါ
၁။ ဗယ်ဒ်ကစ် (အာဂျင်တီးနား)	၄ ပွဲ	၂	၁၄
၂။ လာဇီရုန်ဒါ (ဥရုဂွေး)	၄ ပွဲ	၀	၁၄
၃။ ဘလီကာရီ (ဘယ်လ်ဂျီယံ)	၃ ပွဲ	၁	၁၆
၄။ မင်ဂယ်ကို (၀၆်ဒ်)	၃ ပွဲ	၁	၁၄
၅။ ပီရိုယာ (ဂျမ်)	၃ ပွဲ	၁	၁၂
၆။ ပောင်းဝပ်ဝက်ဘ် (အင်္ဂလန်)	၃ ပွဲ	၀	၁၀
၇။ ကာဆီလ (ဟန်ဂေရီ)	၃ ပွဲ	၀	၉

ဂိုးအများဆုံးသွင်းထားသူများ

၁။ ဟီဂုအင်	(အာဂျင်တီးနား)	၄ ဂိုး
၂။ ဗစ်တက်	(ဆလိုဗက်ကီးယား)	၄ ဂိုး
၃။ ဒေးဗစ်ဗီလာ	(၀၆်ဒ်)	၄ ဂိုး
၄။ ဒေဗီယာနီ	(ဘရာဇီး)	၃ ဂိုး
၅။ ဆွာရက်ဇ်	(ဥရုဂွေး)	၃ ဂိုး
၆။ မူလာ	(ဂျာမနီ)	၃ ဂိုး
၇။ ဂိုင်ယန်	(ဂါနာ)	၃ ဂိုး

ဝိုလုံဟောလ်၏ ဂိုးအများဆုံးသွင်းသူ အလေးပေးမှု

ဒေးဗစ်ဗီလာ (စဝ်န်)	၇/၄
ဟီဂုအင် (အာဂျင်တီးနား)	၅/၂
ဒေဗီယာနီ (ဘရာဇီး)	၄/၁
ဆွာရက်ဇ် (ဥရုဂွေး)	၁၄/၁
ဝန်ပါစီ (ဟော်လန်)	၂၀/၁
မူလာ (ဂျာမနီ)	၂၀/၁
ကလိုဒေး (ဂျာမနီ)	၂၅/၁
ဟီဂက်ဇ် (အာဂျင်တီးနား)	၂၅/၁

Infonfirm-Maze Innovating for eFuture
7Day SPORTS journal
Publisher - ဇော်စုစ